## သမတအိမ်တော်၊ ရန်ကုန်မြို့

## ၁၉၅၄ ခုနှစ်၊ ဇေယျာဝတီ သကြားကုမ္ပဏီလီမိတက်ကို ပြည်သူပိုင်ပြုလုပ်ခြင်းအက်ဥပဒေ။

## [၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၈။]

## ၁၃၁၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်။

## (၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

[ ပြင်ဆင် : 22.03.1957 ]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါအက်ဥပဒေကို ထုတ်ပြန်ကြေညာ သည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၅၄ ခုနှစ်၊ ဇေယျာဝတီသကြားစက်ကို နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေ** ဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင် စတင် အာဏာတည်ရမည်။

<ပြင်ဆင် 22.03.1957>

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်-

(က) 'ဇေယျာဝတီသကြားစက်' ဆိုသည့်စကားရပ်တွင်၊ ဇယား၌ဖော်ပြထားသော နယ်နိမိတ်အသီးသီး အတွင်းရှိ မြေရာ၊ အဆောက်အဦနှင့် အခြားပစ္စည်းအားလုံးပါဝင်သည်။

(ခ) 'ကုမ္ပဏီ' ဆိုသည်မှာ၊ ဇေယျာဝတီသကြားစက်လီမိတက် (The Zeyawadi Sugar Factory Ltd.) ကိုဆိုလိုသည်။

<ပြင်ဆင် 22.03.1957>

၃။ ။ နိုင်ငံတော်သမတမှာ၊ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင်၊ ကုမ္ပဏီပိုင်သည့် ဇေယျာဝတီသကြားစက်ကို၊ ကုမ္ပဏီထံမှ နိုင်ငံပိုင်အဖြစ်ဖြင့် လွှဲယူရန်အာဏာရှိရမည်။ ယင်းသို့လွှဲယူ သည့်အခါ၊ အဆိုပါနေ့ရက်မှစ၍၊ ဇေယျာဝတီသကြားစက်သည်၎င်း၊ ထိုဇေယျာဝတီသကြားစက်နှင့် သက်ဆိုင်သော ရာထမ်းမှုထမ်းအားလုံးသည်၎င်း၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်လာရမည်။

<ပြင်ဆင် 22.03.1957>

၄။ ။ ပုဒ်မ ၃ တွင်ရည်ညွှန်းထားသည့် ရာထမ်း မှုထမ်းများအား ကုမ္ပဏီကပေးသည့်နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော်သမတ၏ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်သည့်နေ့မှစ ၍ သုံးလအောက်မနည်းသည့် အချိန်ကာလမျှ နိုင်ငံတော်သမတက၊ မိမိ၏လက်အောက်တွင်ဆက်လက် အမှုထမ်းစေရမည်။

၅။ ။ (၁) နိုင်ငံတော်သမတသည်၊ ပုဒ်မ ၃ အရအမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့နောက်တလ အတွင်း ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့တခုကိုခန့်ရမည်။ ထိုကော်မရှင် အဖွဲ့သည်၊ အောက်ပါကိစ္စများကိုသတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေအရ၊ ကုမ္ပဏီထံမှလွှဲယူသည့် ပစ္စည်းများ၏အကြောင်းအရာများ၊

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကို ပေးသင့်သည့် တရားမျှတသောလျော်ကြေးငွေနှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

(၂) ပုဒ်မခွဲ (၁) အရလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင် ဤအက်ဥပဒေအရ၊ ကုမ္ပဏီထံမှလွှဲယူသည့်ပစ္စည်းများ၏ မူလတန်ဘိုး၊ ယင်းသို့လွှဲယူသည့်နေ့အထိ၊ ထိုပစ္စည်းများဟောင်းနွမ်း၊ သို့တည်း မဟုတ် ပျက်စီးသည့်အတွက်လျော့သင့်သောကြေးငွေနှင့် ထိုပစ္စည်းများကို ပြုပြင်သည့်အတွက် ကုန်ကျ သည့်စရိတ်၊ သို့တည်းမဟုတ် ပြန်လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို၊ ကော်မရှင် အဖွဲ့ ကတရားမျှတသည် ထင်မြင်သည့်အတိုင်းထည့်သွင်းစဉ်းစားရမည်။

၆။ ။ ပုဒ်မ ၅ အရလျော်ကြေးငွေကိုသတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည်၊ တရားမကျင့်ထုံး ဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲဥပဒေတခုခုကိုလိုက်နာရန်မလိုအပ်စေရ၊ သို့သော်လည်း ထိုကော်မ ရှင်အဖွဲ့သည်၊ တရားမျှတစွာဆောင်ရွက်ရမည်။

၇။ ။ (၁) ကော်မရှင်အဖွဲ့သည်၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍၊ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံး အားအပ်နှင်းထားသောအာဏာများရှိရမည်။

(က) အကြောင်းအရာများကိုဖွင့်လှစ်ထုတ်ဖေါ်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန်အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းစေ ရန်ဆင့်ဆိုခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန်အတင်းအကြပ်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့်ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန်အာဏာလွှဲအမိန့်များထုတ်ခြင်း။

ထိုမှတပါး ကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ ထင်မြင် ချက်သည်အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည်၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်ဖြင့် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ထိုအဖွဲ့ဝင်အစားအခြားသူတယောက်ကိုခန့်ထားရမည်။ ထိုသူကိုကော်မရှင်အဖွဲ့ စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ်ခန့်ထားဘိသကဲ့သို့ ကော်မရှင်အဖွဲ့သည်၊ မိမိ၏မှုခင်းကိစ္စများကို ဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ ကုမ္ပဏီကသော်၎င်း၊ အစိုးရကသော်၎င်း လျော်ကြေးနှင့်စပ်လျဉ်းသည့်ကော်မရှင်အဖွဲ့၏ဆုံးဖြတ် ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုချင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့ ထိုဆုံးဖြတ်ချက် ချမှတ် သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း အယူခံဝင်နိုင်သည်။

၉။ ။ ဤအက်ဥပဒေအရ၊ နိုင်ငံပိုင်ပြုလုပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတ သည်၊ မိမိသင့်လျော်သည်ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့်စည်းမျဉ်းသတ်မှတ်လျက် အဖွဲ့တခုဖွဲ့စည်းနိုင် သည်၊ သို့တည်းမဟုတ် အခြားစီစဉ်မှုပြုလုပ်နိုင်သည်။

၁၀။ ။ (၁) ဤအက်ဥပဒေနှင့်အညီသဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ် သည့်အပြုအမူတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆို ခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရပြုလုပ်သည့်အ ပြုအမူအတွက်၊ အစိုးရအား၊ မည်သည့်တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်းမပြုရ။

**ဇယား။**

**နယ်နိမိတ်။**

(က) တောင်ငူခရိုင်၊ ဖြူးမြို့နယ်ရှိ ဇေယျဝတီသကြားစက်။

အရှေ့။ ။ ဆားဂွန်းလမ်း။

အနောက်။ ။ မီးရထားလမ်း။

တောင်။ ။ မြို့ချောင်း။

မြောက်။ ။ ဆာဒေအို နဂါးလမ်း။

(ခ) ရမည်းသင်းခရိုင်၊ ပျဉ်းမနားမြို့ရှိ မြေရာ၊ အဆောက်အဦ။

အရှေ့။ ။ (၁) ဦးဘိုးရှင်ပါ ၂၊ အကွက်အမှတ် ၁၃။

(၂) အလီအာမက်၊ အကွက်အမှတ် ၁၄။

(၃) ဦးရန်အောင် ပါ ၂၊ အကွက်အမှတ် ၁၅။

အနောက်။ ။ အဗ္ဗဒူဟူစိန်လမ်း။

တောင်။ ။ အမန္တာနီပလီ မြေ။

မြောက်။ ။ မဖွါးရှင် မြေ၊ အကွက်အမှတ် ၉ ခ။

(ဂ) တောင်ငူခရိုင်၊ ရေတာရှည် မြို့နယ်၊ မြို့လှရှိ မြေရာ၊ အဆောက်အဦ။

အရှေ့။ ။ရန်ကုန်-မန္တလေးကားလမ်း။

အနောက်။ ။ ဒေါ်ဦး မြေ။

တောင်။ ။ ဒေါ်ဦး မြေ။

မြောက်။ ။ ဒေါ်ဦး မြေ။

<ပြင်ဆင် 22.03.1957>

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊

၁၉၅၄ ခုနှစ်၊ ဖေယျဝတီ သင်္ကြားကုမ္ပဏီလီမိတက်ကို ပြည်သူပိုင်ပြုလုပ်ခြင်းအက်ဥပဒေ။
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်။
(၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတကြီး၏အတွင်းဝန်။
[အမှတ် ၉၆]